# မောင်ကျာဘမ်းနှင့် ကျဖမ်းတရား

ညာဏ်ဦးမောင်

ကျဖမ်း–ဆိုတဲ့စကားကို မြန်မာအဘိဓာန်က(ကျဖမ်း ကြိ၀ိ၊ ကျာ့ဗန်း၊ကြံ့ရာ (ပြောဆိုလုပ်ကိုင်သည်)လို့ ဖွင့်ပြပါတယ်။ ဒီတော့ ကျဖမ်းတရားလို့ဆိုလိုက်ရင် ကြံ့သလိုပြောဆိုလိုက်တဲ့တရား၊ လုပ်ကိုင်လိုက်တဲ့တရားလို့ဆိုတာ နားလည်နိုင်ကြမယ်ထင်ပါတယ်။ ဒီဆောင်းပါးကိုမဖတ်မီမှာ စကားတစ်ခွန်းတော့ ကြိုတင်ပြီးပြောထားချင်ပါတယ်။ အဲဒါက အလွယ်တကူအပြစ်တင် မစောမိဖို့ပါ။စာရေးသူကိုယ်တိုင် ခံတော်မောင်ကျာဘမ်းရဲ့ တန်ဖုပ္ပတ္တိညာဏ်ကို အားကျမိသလို သူ့ရဲ့အရွယ်နဲ့မမျှအောင်ထက်မြက်တဲ့ ဆုံးဖြတ်နိုင်စွမ်းကိုလဲ အံ့ဩလေးစားဂုဏ်ယူသူတစ်ဦးပါ။ သို့ပေမယ့် စဉ်းစားသင့်တဲ့အရာမျိုးကို စဉ်းစားနိုင်စေဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီဆောင်းပါးကိုရေးလိုက်ခြင်းပါ။ ဒါကြောင့် အစဉ်အလာအရလက်ခံထားတဲ့ သမားရိုးကျအယူအဆနဲ့တော့ သဘောချင်းတူမျှကောင်းမှ တူမျှပါလိမ့်မယ်။

မြန်မာစာသမိုင်းကိုစိတ်ဝင်စားသူတိုင်း ခံတော်မောင်ကျာဘမ်းအကြောင်းကို ဖတ်ဖူးကြမှာပါပဲ။ မောင်ကျာဘမ်း အကြောင်းကိုဖတ်ဖြစ်သူတိုင်းလည်း အိမ်မြှောင်တရားစီရင်ချက်ကို မလွဲမသွေ တွေ့မြင်ဖတ်သိမိမှာ မလွဲပါဘူး။ မောင်ကျာဘမ်းအကြောင်းကိုမဖတ်ဘူးတဲ့သူတွေအဖို့တော့ အိမ်မြှောင်တရားစီရင်မှုကို ပြောပြဖို့လိုမယ်ထင်ပါတယ်။ တစ်ခါမှာကိုရင်ကြီးတစ်ပါးနဲ့ကျောင်းသားကြီးတစ်ဦးတို့ အငြင်းအခုံဖြစ်ကြပါတယ်။ အိမ်မြှောင်တစ်ကောင်ကိုတွေ့တဲ့အခါမှာ ကျောင်းသားကြီးက အများခေါ်လေ့ခေါ်ထရှိတဲ့အတိုင်း အိမ်မြှောင်လို့ခေါ်တာကို ကိုရင်ကြီးက ကပ်ဖဲ့လုပ်ပြီး အိမ်မှာနေနိုက်အိမ်မြှောင်လို့ခေါ်တာ သဘာဝကျပေမယ့် ခုလိုကျောင်းမှာတွေ့ခိုက်မှာတော့ ဒီသတ္တဝါကိုအိမ်မြှောင်လို့ မခေါ်နိုင်ကြောင်း ကျောင်းမှာတွေ့ရတာမို့ ကျောင်းမြှောင်လို့သာခေါ်ရမည်ဖြစ်ကြောင်းပြောပါတယ်။ ဒီတော့ ကျောင်းသားကြီးက အိမ်မြှောင်က အမှန် ၊ ကိုရင်ကြီးကကျောင်းမြှောင် အမှန်ဆိုပြီး အငြင်းအခုံဖြစ်နေခဲ့တာကို ဘယ်သူကအမှန်ဆိုတာ ဘယ်သူမှ မဆုံးဖြတ်နိုင်သလိုဖြစ်နေခဲ့ပါတယ်။ ဒီအခါမှာ ကျောင်းကိုရောက်ခါစ ကျောင်းသားသစ်ဖြစ်တဲ့ မောင်ကျာဘမ်းထံမှာ အဆုံးအဖြတ်ခံမယ်ဆိုပြီး အိမ်မြှောင်ကိုလက်ထဲမှာကိုင်လျက် မောက်ကျာဘမ်းထံကို ရောက်လာကြပါတယ်။

ဒီအခါမှာ မောင်ကျာဘမ်းက အကျိုးအကြောင်းမေးမြန်းပြီး ယခုလောလောဆယ်မှာ ဒီသတ္တဝါဟာ အိမ်မှာနေခိုက်မဟုတ်တာကြောင့် အိမ်မြှောင်လို့လဲမခေါ်သင့်ပုံ၊ နောက်ပြီးကျောင်းပေါ်မှာ တွယ်ကပ်နေခိုက် မဟုတ်တာကြောင့် ကျောင်းမြှောင်လို့လဲမခေါ်နိုင်ပုံ၊ ကိုရင်ကြီးရဲ့လက်ထဲမှာသာရှိနေခိုက်ဖြစ်တဲ့အတွက် လက်မြှောင်လို့သာခေါ်ရမည်ဖြစ်ကြောင်းကို အဆုံးအဖြတ်ပေးခဲ့ပါတယ်။ ဒီဆုံးဖြတ်မှုမှာ မောင်ကျာဘမ်းရဲ့အရွယ်နဲ့မမျှတဲ့ တန်ဖုပ္ပတ္တိညာဏ်ရည်ဟာ အံ့ဩစရာကောင်းလှတာကို တွေ့နိုင်မှာပါ။ ဒါကြောင့်လဲ ခံတော်မောင်ကျာဘမ်းဆိုတဲ့အမည်ဟာ မြန်မာစာပေနယ်ပယ်မှာ တွင်ကျန်နေရစ်ခြင်းပဲဖြစ်ပါလိမ့်မယ်။

စာရေးသူတို့အနေနဲ့ မောင်ကျာဘမ်းအကြောင်းနဲ့ မောင်ကျာဘမ်းရဲ့အထက်ပါအိမ်မြှောင်တရားအဆုံးအဖြတ်ကို ထပ်ကာထပ်ကာ ဖတ်ဘူးခဲ့ကြပါတတ်၊ နောက်ပြီးနှစ်ခြိုက်သဘောကျ ဖြစ်မိသူလဲများပါတယ်။ သို့ပေမယ့် သူ့ရဲ့ဒီအဆုံးအဖြတ်ဟာ တရားမျှတတာရော ဟုတ်ရဲ့လား၊ ဘက်လိုက်မှုကင်းတဲ့အနေမျိုးရောဟုတ်ရဲ့လားလို့ စဉ်းစားမိသူတော့ အတော်နည်းမယ်ထင်ပါတယ် ။ တကယ်တော့ အများတကာခေါ်ဝေါ်သတ်မှတ်ထားတဲ့အရာမှန်သမျှဟာ သမုတိသစ္စာအရ အမှန်လို့ပဲယူဆသတ်မှတ်ရမှာပါ။ တွင်ကျယ်စွာလည်းသုံးစွဲနေတဲ့၊ အများတကာကလည်း အိမ်မြှောင်လို့ သတ်မှတ်ထားတဲ့ သတ္တဝါတစ်ကောင်ဟာ ကျောင်းမှာနေထိုင်ရုံမျှ၊ ကျောင်းပေါ်မှာတွေ့ရုံမျှနဲ့ ဘယ်နည်းနဲ့မှ ကျောင်းမြှောင်ရယ်လို့ ခေါ်ဆိုလို့ ရမယ်မဟုတ်ပါဘူး။ ဘယ်သူမှလဲ ဒီလိုခေါ်တာကို သဘောတူမယ်မဟုတ်ပါဘူး။ တကယ်တော့ ဒီနေရာမှာ ကျောင်းမြှောင်ဆိုတဲ့အမည်ဟာ ကိုရင်ကြီးရဲ့သက်သက်မဲ့ ကပ်သပ်ငြင်းဆိုခြင်းမျှသာပါ။ မောင်ကျာဘမ်းရဲ့ အိမ်မြှောင်လည်းမဟုတ်၊ ကျောင်းမြှောင်လည်းမဟုတ်၊ လက်ထဲမှာရှိနေတဲ့အတွက် လက်မြှောင်လို့ပြောလိုက်ခြင်းဟာ ဘယ်သူ့ဖက်ကိုမှ မလိုက်လိုတဲ့အတွက် လက်ရှိအနေအတိုင်းဆုံးဖြတ်လိုက်တာဖြစ်ပေမယ့် ကိုရင်ကြီးရဲ့ ကျောင်းမြှောင်ဆိုတဲ့စကားကို သွယ်ဝိုက်ထောက်ခံလိုက်သလိုဖြစ်သွားပါတယ်။ ဆိုလိုတာက လက်မှာရှိခိုက် လက်မြှောင်လို့ပြောလိုက်ခြင်းဟာ ကျောင်းပေါ်မှာရှိခိုက်ဖြစ်ခဲ့ရင် ကျောင်းမြှောင်လို့ခေါ်ဆိုခြင်းဟာ မှန်ကန်တယ်ရယ်လို့

မပြောပေမယ့် ပြောသလိုဖြစ်သွားပါတယ်။နောက်ပြီး ကိုရင်ကြီးဘက်ကကြည့်ရင် ကျောင်းမြှောင်လို့ဆိုတဲ့ သူ့အဆိုကို ကျောင်းမြှောင်မဟုတ် လက်မြှောင်လို့အဆုံးအဖြတ်ခံလိုက်ရခြင်းဟာ ဘာတစ်ခုမှဆုံးရှုံးသွားတာ မဟုတ်ပေမယ့်၊ ကျောင်းသားဖက်ကကြည့်မယ်ဆိုရင်တော့ အိမ်မြှောင်ဆိုတဲ့အမှန်တရားကို စွန့်လွှတ်လိုက်ရသလိုဖြစ်ခဲ့ပါတယ်။ တကယ်တော့ ကိုရင်ကြီးရဲ့မမှန်တရားနဲ့ ကျောင်းသားကြီးရဲ့အမှန်တရားကို ကြားချဆုံးဖြတ်လိုက်ခြင်းဟာ တကယ့် အမှန်တရားစစ်စစ် အဖြေတစ်ခုမဟုတ်ခဲ့ပါဘူး။ ယာယီပြဿနာတစ်ခုပြေလည်သွားတာမှန်ပေမယ့် ဒီလိုအဆုံးအဖြတ်မျိုးကို လောကစံထုံးတစ်ခုအဖြစ် ဘယ်လိုနည်းနဲ့မှ မသတ်မှတ်သင့်ပါဘူး။

တကယ်တော့ အထက်ပါမောင်ကျာဘမ်းရဲ့ အိမ်မြှောင် ကျောင်းမြှောင်အဆုံးအဖြတ်ဟာ သာမန်ပြဿနာလေးမျှသာ ဖြစ်လို့ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ အကြီးအကျယ်မထိခိုက်မနစ်နာပေမယ့် အစုအဖွဲ့နဲ့လုပ်ရတဲ့နေရာ၊ တိုင်းနဲ့ ပြည်နဲ့ချီပြီး ဆုံးဖြတ်လုပ်ကိုင်ရတဲ့နေရာမျိုးမှာတော့ အမှန်နဲ့အမှားနဲ့ကြားမှာ ကြားချ မရပ်တည်မိဖို့ကတော့ အထူးအရေးကြီးလှပါတယ်။ အဆုံးအဖြတ်ပေးရမည့်သူဟာ တရားတဲ့ဖက်ကသာ ရဲရဲရပ်တည်ဖို့လိုပါတယ်။အလိမ္မာစကားအလှတွေနဲ့ ထွေထွေပြားပြား မဝေ၀ါးသင့်ပါဘူး။ **<u>တရားမှု မတရားမှုနှစ်ခုကြားမှာ ကြားချဆုံးဖြတ်ခြင်း ၊ ကြားကရပ်တည်ခြင်းဆိုတာ ကြားချသူ ကြားကသူတို့ကိုယ်တိုင် မတရားမှုကိုအားပေးအားမြှောက်ပြုခြင်း ၊ ကိုယ်တိုင်မတရားမှုပြုခြင်းပဲဖြစ်တယ်ဆိုတာ နားလည်ဖို့လိုပါမယ်။</u>**

စာရေးသူတို့တတွေအနေနဲ့ စာရေးသူတို့ရဲ့ တမင်ပါဝင်လိုမှုကြောင့်ပဲဖြစ်စေ ၊ မဖြစ်မနေ ပါကိုပါဝင်ဝင်ရမည့်တာဝန်ကြောင့်ပဲဖြစ်စေ၊ အဆုံးအဖြတ်ပေးရမည့်အချိန်အခါမျိုးကို ဘဝမှာ တစ်ကြိမ်တစ်ခါလောက်တော့ အနည်းဆုံး ကြုံဆုံကြရပါလိမ့်မယ်။ ဒီလို အဆုံးအဖြတ်ပေးရမည့်အခါမျိုးဆိုတာ အထက်ပါ အိမ်မြှောင်တရားအစီအရင်မျိုးလို အသေးအမွှားလေးတစ်ခု ဖြစ်ရင်လည်းဖြစ်မယ်။ ဒါမှမဟုတ် ဘဝတစ်ခု ၊ လူမျိုးတစ်မျိုးလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ စပ်ဆိုင်တာမျိုးလည်းဖြစ်ရင်ဖြစ်မယ် ။ အသေးအဖွဲ့အရာလေးမျိုးမှာ စာရေးသူတို့ရဲ့ကြားချဆုံးဖြတ်မှုဟာ သိသာထင်ရှားတဲ့ အကျိုးဆက် ထင်ကောင်းမှထင်ပါလိမ့်မယ်။ သို့ပေမယ့် ကြီးမားတဲ့ အမှန်အမှားပဋိပက္ခမျိုးမှာတော့ စာရေးသူတို့ရဲ့ကြားချမှု ၊ ကြားကရပ်တည်မှုဟာ အလွန်ဆိုးရွားလှတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတာ မှန်မှန်ကန်ကန်သဘောပေါက်နားလည်ဖို့လိုပါလိမ့်မယ်။ နောက်ပြီးအမှန်နဲ့အမှား အင်အားချင်းယှဉ်ပြိုင်လာတဲ့အခါမျိုးမှာ မှန်တဲ့ဖက်ကသာ အားသာစေဖို့ကလဲ အထူးအရေးကြီးလှပါတယ်။ အမှန်ဖက်ကအားနည်းနေခဲ့ရင်လဲ ကိုယ်အားဉာဏ်အားတွေနဲ့ အားကူဖြည့်ပေးဖို့လိုပါလိမ့်မယ်။ ပြဿနာကို ဝိုင်းဝန်းကူညီဖြေရှင်းဖို့နဲ့ ဘယ်လိုဖြေရှင်းရမယ် ၊ ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတဲ့ အသွယ်သွယ်သောနည်းလမ်းတွေကို ရှာဖွေကြဖို့လဲလိုပေလိမ့်မယ်။ ဒါကတော့ လူသားမှန်တဲ့ ၊ လူသားဆန်တဲ့သူတိုင်းရဲ့ ဘဝပေးတာဝန်လို့လည်း ဆိုနိုင်ပါလိမ့်မယ်။

တခါတရံမှာတော့ တရားကင်းမဲ့သူတို့က ကြားချသူတို့ရဲ့ မပြတ်သားမှုကို အမြတ်ထုတ်ပြီး သူတို့ရဲ့ယုတ်မာတဲ့ အကြံအစည်ကို တရားနည်းလမ်းကျဟန် ဆောင်တတ်ကိုလဲတွေ့ရတတ်ပါတယ်။ မြတ်လျင်တော့ အသားတင် ၊ ရှုံးလျင်တော့ အရင်းအတိုင်းပဲဆိုပြီး အကြံကြီး ကြံတတ်သူတို့ရဲ့ကောက်ကျစ်ယုတ်မာတဲ့ မာယာဉာဏ်ဟာ အလွန်မှပဲ ကြောက်မက်ဖွယ်ကောင်းလှပါတယ်။ စာရေးသူတို့အနေနဲ့ ကိုယ်နဲ့ကိုယ့်အသိုင်းအဝိုင်းလေးတစ်ခု အစားချောင်၊ အနေချောင်စေမှုတစ်ခုကို ကြည့်ပြီးတော့ပဲဖြစ်ဖြစ်၊ ခုပြဿနာ ခုလောလောဆည်ပြေလည်ပြီးရော ၊ ကျန်တာ နောက်မှ ကြည့်ရှင်းတာပေါ့ဆိုတဲ့သဘောနဲ့ပဲဖြစ်ဖြစ် ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်သဘောမျိုးနဲ့ ကျဖမ်းကြုံရာ မပြောဆို မလုပ်ကိုင်မိဖို့ အထူးလိုအပ်လှပါတယ်။

ပြောခဲ့သလို ကျဖမ်းဆိုတာ ကြုံသလိုပြောဆိုလုပ်ကိုင်ခြင်းမျှသာဖြစ်လို့မို့ မောင်ကျာဘမ်းရဲ့အထက်ပါလက်မြှောင်တရားဟာ ကြားကောင်းပေမယ့် တကယ့်အမှန်အကန်ဆုံးဖြတ်လိုက်တဲ့ တရားမဟုတ်ကြောင်း ၊ ကျဖမ်းတရားမျှသာဖြစ်ကြောင်းပြောပြချင်သလို စာရေးသူတို့အနေနဲ့လဲ ဘဝနဲ့စပ်ဆိုင်တဲ့နေရာတွေမှာ ကြားကောင်းရုံမျှ၊ ကြည့်ကောင်းရုံမျှ၊ ကြုံသလိုကြည့်ပြော၊ ကြည့်လုပ်တတ်တဲ့သူမျိုးတွေ မဖြစ်ကြစေဖို့။ မသိလို့ပဲဖြစ်ဖြစ်၊ သိလျက်နဲ့ပဲဖြစ်ဖြစ် ဘက်လိုက်တဲ့ ဆုံးဖြတ်တတ်သူမျိုးတွေ မဖြစ်ရန်အတွက် သတိထားဖို့လိုမယ်ဆိုတဲ့အကြောင်းကိုလဲ ပြောပြချင်ပါတယ်။

ဉာဏ်ဦးမောင်

(ဇွန်လ ၁၉ ရက် ၊ ၂၀၀၃)